FIRST NATIONAL INSURANCE (LIFE) CO., LTD

FNILife
Assuring Peace of Mind, the Essence of Life

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

# ပြင်းထန်သောရောဂါကုသမှုအာမခံ စည်းကမ်းချက်များ

## အကျိုးခံစားခွင့်များ

၁။ နှလုံးရပ်ခြင်း၊ လေဖြတ်ခြင်း၊ ကင်ဆာ၊ ကျောက်ကပ်ပျက်စီးခြင်း၊ အစားထိုးကုသခြင်း၊ နှလုံးအဆို့ရှင်အစားထိုးခြင်း (သို့) ပြုပြင်ခြင်း၊ နှလုံးခွဲစိတ်ကုသခြင်း၊ ပြင်းထန်စွာမီးလောင်ခြင်း၊ သတိမေ့ခြင်း၊ ဘက်တီးရီးယားကြောင့်ဖြစ်သော ဦးနှောက်အမြှေးရောင်ခြင်း၊

၂။ မတော်တဆမှုကြောင့်သေဆုံးခြင်း၊

## လျော်ကြေးအကျုံးမဝင်သည့် အချက်များ

အောက်ဖော်ပြပါကိစ္စရပ်တစ်ခုခုနှင့်ပတ်သက်၍ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဖြစ်ပေါ်ခံစားရသော ပြင်းထန်သောရောဂါ (သို့) သေဆုံးခြင်းအတွက် လျော်ကြေးအကျုံးဝင်မည်မဟုတ်ပါ။

(၁) ဆေးကုသမှုခံယူနေခြင်း၊ ဆေးကုသရန်ဆရာဝန်၏ထောက်ခံချက်ကိုရရှိထားခြင်း၊ ရောဂါလက္ခဏာရှိပြီးသား ဖြစ်နေခြင်း၊

(၂) စိတ်ပေါ့သွပ်ခြင်း၊ စိတ်ရောဂါဝေဒနာများကြောင့်ဖြစ်ခြင်း၊

(၃) ကျန်းမာရေးဆေးစစ်ရန်နှင့် အနားယူအားမွေးရန် ဆေးရုံတက်ခြင်း၊

(၄) သားသမီးရလိုမှုဖြင့် ဆေးရုံတက်ခြင်းနှင့် ခွဲစိတ်ကုသခြင်း၊

(၅) အလှအပအတွက်ဖြစ်ခြင်း၊

(၆) နားကြားကိရိယာ တပ်ဆင်ရန်အတွက်ဖြစ်ခြင်း၊

(၇) ကိုယ်ခန္ဓာချို့ယွင်းခြင်း (သို့မဟုတ်) မသန်စွမ်းခြင်း၊

(၈) မူးယစ်ဆေးဝါးသုံးစွဲခြင်း၊

(၉) ကိုယ်တိုင်ရာဇဝတ်မှုကျူးလွန်ခြင်း၊

(၁၀) AIDS/HIV ဖြစ်ခြင်း၊

(၁၁) လိမ်လည်တောင်းခံသည့် ဖြစ်ရပ်များ၊

(၁၂) အကြမ်းဖက် ဖျက်ဆီးခြင်း၊ အဓိကရုဏ်း၊ စစ်နှင့်စစ်အသွင် ဖြစ်ပွားခြင်း ( စစ်ပြုခြင်းများ၊ စစ်ပွဲကဲ့သို့ တိုက်ခိုက်ခြင်း၊ စစ်တပ် (သို့မဟုတ်) အာဏာသိမ်းခြင်းနှင့် ဖော်ပြပါအဖြစ်အပျက်တစ်ခုခု၏တိုက်ရိုက်(သို့မဟုတ်) သွယ်ဝိုက်သောအကျိုးသက်ရောက်မှု တစ်ရပ်ရပ်ကြောင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နီးကပ်စွာသော်လည်းကောင်း၊ ဝေးလံစွာသော်လည်းကောင်း ဖြစ်ပေါ်စေသော၊ အားပေးသော၊ အခြေခံသော၊ ပေါ်ပေါက်သော မည်သည့်မတော်တဆ ဖြစ်ပွားခြင်း၊ ဆုံးရှုံးခြင်း၊ ပျက်စီးခြင်း)၊

(၁၃) မိမိကိုယ်ကို သတ်သေခြင်း (သို့မဟုတ်) မိမိကိုယ်ကို ဒဏ်ရာအနာတရဖြစ်အောင်ပြုလုပ်ခြင်း၊

(၁၄) အာမခံစသည့်နေ့ (သက်တမ်းဆက်ထားသည့် စာချုပ်ဖြစ်ပါက သက်တမ်းမဆက်မီ စာချုပ်၏ အာမခံစသည့် နေ့) မှစပြီး ရက်ပေါင်း(၉၀)အတွင်း ရောဂါအမည် သတ်မှတ်ခံရသည့် ကင်ဆာဖြစ်သော အလုံးအကျိတ်ကို ကုသခြင်း၊

(၁၅) အက်ပီသီလျှမ်အလွှာအတွင်း အလုံးအကျိတ်၊ အရေပြား၊ အသက်ရှူ၊ အစာနှင့်ဆီးလမ်းကြောင်းတို့၏ အခေါင်းအဂေါ်လမ်းကြောင်းအားလုံးရှိ အက်ပီသီလျှမ်အလွှာတွင် အလုံးအကျိတ်ဖြစ်ပွားခြင်း၊

FNILife
Assuring Peace of Mind, the Essence of Life

Address
Building A/9, Than Thu Mar Road,
(24) Quarter,Thingangyun Township,
Yangon, Myanmar 11071

Tel : 01-570521, 01-570998
Call Center : 01-9010900
Fax : 01-570298
E-mail : customerservices@fnilife.com

**စည်းကမ်းချက်များ**

၁။ အဆိုလွှာပါ ဖော်ပြချက်များတွင် ပေါ့ဆစွာဖော်ပြခြင်း၊ မှားယွင်းစွာဖော်ပြခြင်း၊ တမင်ရည်ရွယ်ချက်ဖြင့် လွဲမှားစွာဖော်ပြ ခြင်း၊ ထိန်ချန်ခြင်း၊ လိမ်လည်ခြင်းစသည့် မမှန်မကန်ဖော်ပြခြင်းများရှိပါက အကျိုးခံစားခွင့်များ ဆုံးရှုံးမည်။

၂။ ပရီမီယံပေးသွင်းသည့် အချိန်မှစ၍ အာမခံသက်တမ်းစပြီး၊ သက်တမ်း(၁)နှစ် ပြည့်မြောက်သည့်နေ့၏ ည(၁၂) နာရီတွင် သက်တမ်းကုန်ဆုံးမည်။

၃။ အာမခံထားသူက အာမခံစာချုပ်ရုပ်စဲပါက ပရီမီယံအမ်းငွေ ခံစားခွင့်မရှိပါ။ အာမခံလက်ခံသူက ရုပ်စဲလျှင် ကျန်ကာလ အတွက် ရက်တွက်နှုန်းဖြင့် ပရီမီယံပြန်အမ်းမည်။

၄။ ပထမအကြိမ် ပရီမီယံပေးသွင်းပြီးနောက် ကျန်ကာလများအတွက် ပရီမီယံပေးသွင်းမှုစနစ်အရ ပေးသွင်းရမည့် သတ် မှတ်ရက်၏ နောက်တစ်နေ့မှ (၁၅) ရက်အတွင်း ပေးသွင်းရမည်ဖြစ်ပြီး၊ လျော်ကြေးဖြစ်ပွားပါက အကျိုးခံစားခွင့်ပေးမည့် ငွေထဲမှမပေးချေရ သေးသည့် ပရီမီယံကို ခုနှိမ်ပေးလျော်မည်။

၅။ စောင့်ဆိုင်းကာလကို ကျော်လွန်သွားပါက အာမခံစာချုပ်သည် စောင့်ဆိုင်းကာလပြည့်သည့်နေ့၏ နောက်တစ်နေ့မှစပြီးအကျိုး သက်ရောက်မှု ပျက်ပြယ်မည်ဖြစ်သည်။

၆။ သက်တမ်းဆက် အာမခံစာချုပ်များအတွက် သက်တမ်းပြန်စသည့် ကြားကာလတွင် ပရီမီယံပေးသွင်းရန် စောင့်ဆိုင်း ကာလမရှိပါ။

၇။ အကျိုးခံစားခွင့် တောင်းခံခြင်းအတွက် ဤကုမ္ပဏီမှ ထပ်မံတောင်းခံသော လိုအပ်ချက်များကို အကျိုးခံစားခွင့် တောင်းခံ သူမှ (၃) လအတွင်း တင်ပြနိုင်ခြင်းမရှိပါက အကျိုးခံစားခွင့် ဆုံးရှုံးမည်။

၈။ အာမခံထားရှိပြီး (၁)လအတွင်း အကျိုးခံစားခွင့် တောင်းခံလာသော ဖြစ်ရပ်များအတွက် ဤကုမ္ပဏီ၏ ကျွမ်းကျင်သူ များမှ ထပ်မံ စစ်ဆေးမည်ဖြစ်သည်။